## Nebraska Medicine (Nebraska ဆေးပညာ)

### ငွေကြေးဆိုင်ရာ ထောက်ပံ့မှု ပေါ်လစီ အကျဉ်းချုပ်

Nebraska Medicine (Nebraska ဆေးပညာ)အကျိုးအမြတ်-အတွက်-မဟုတ်သည့် စနစ် ဖြစ်ပြီး ပထမတန်း ပညာရေးဆိုင်ရာ ပရိုဂရမ်များ၊ ပုဂ္ဂိုလ်တစ်ဦးချင်းစီများနှင့် လူထု အသိုင်းအဝိုင်းများ အားလုံးတို့အတွက် အနာဂါတ်တွင် ကျန်းမာသန်စွမ်းသောဘဝဖြင့် ဖန်တီး ပြောင်းလဲရန် ဆန်းသစ်သော သုတေသနပြုခြင်း နှင့် ထူးခြားသော လူနာစောင့်ရှောက်မှု တို့မှတဆင့် ကမ္ဘာတွင် ဦးဆောင်ဦးရွက်သွားသည့် ဂန်ဆောင်မှုပေးနေသော Nebraska Medical Center (Nebraska ဆေးဘက်ဆိုင်ရာစင်တာ) ၊ Bellevue Medical Center (Bellevue ဆေးဘက်ဆိုင်ရာစင်တာ) နှင့် UNMC သမားတော်များ ပါဝင်ပါသည်။ တရားမျှတမှုရှိပြီး ငွေကြေးဆိုင်ရာ ပြဿနာရှိသည့် လူနာများသို့ လူမျိုး၊ ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်၊ မူလနိုင်ငံသား၊ ကိုးကွယ်မှုဘာသာ သို့မဟုတ် အသက်အရွယ် စသည်တို့အပေါ်တွင်အခြေခံပြီး ခွဲခြားဆက်ဆံဆက်ဆံမှုမရှိဘဲ ငွေကြေးဆိုင်ရာ ထောက်ပံ့မှု ပေးကမ်းဖြန့်ဖြူးခြင်းတွင် ပြည့်စုံ ကျယ်ပြန့်သော စနစ်များဖြင့် ပြုလုပ်သွားကြောင်း သေချာစေမှုရှိစေရန် ကျွန်ုပ်တို့၏ ပေါ်လစီကို ရေးသားခဲ့ရခြင်းဖြစ်ပါသည်။

အောက်တွင် Nebraska Medicine (Nebraska ဆေးပညာ)ပံ့ပိုးမှုအဖွဲ့အစည်းများအားလုံးတို့မှ သမားတော် လုပ်ငန်း အုပ်စုများ ပါဝင်စေရန် ရရှိနိုင်သော ငွေကြေးဆိုင်ရာ ထောက်ပံ့မှု အကျဉ်းချုပ် ဖြစ်ပါသည်။

**ကမ်းလှမ်းပေးထားသည့် ငွေကြေးဆိုင်ရာ ထောက်ပံ့မှု။** Nebraska Medicine (Nebraska ဆေးပညာ)အနေဖြင့် အရေးပေါ် အခြေအနေ နှင့် အခြားသော ဆေးကုသမှုဆိုင်ရာ လိုအပ်ချက်များ အတွက် ငွေကြေးဆိုင်ရာ ထောက်ပံ့မှု အကျုံးဝင်လွှမ်းခြုံမှုများကို စီစဥ်ဆောင်ရွက်ပေးပါသည်။ အမျိုးသား ဆင်းရဲနွမ်းပါးခြင်း အဆင့် ထက် မိသားစု နှစ်စဉ် ဝင်ငွေ လေးဆ နည်းပါးပြီး ပိုင်ဆိုင်သော ပစ္စည်းတန်ဖိုး ကန့်သတ်မှုအတွင်း ရှိသည့် လူနာများသည် ငွေကြေးဆိုင်ရာ ထောက်ပံ့မှု အတွက် အရည်အချင်းပြည့်မီပါသည်။ အခမဲ့ စောင့်ရှောက်မှုသည် ပိုင်ဆိုင်သော ပစ္စည်းတန်ဖိုး ကန့်သတ်မှုရှိပြီး မိသားစုဝင်ငွေသည် နိုင်ငံတော် ဆင်းရဲ နွမ်းပါးခြင်း အဆင့် နှင့် တန်းတူရှိ သို့မဟုတ် ထိုထက် နှစ်-ဆ နည်းပါး သူ လူနာများအတွက် ရယူခွင့်ရှိပါသည်။ လျှော့စျေးဖြင့် စောင့်ရှောက်မှုအား နိုင်ငံတော် ဆင်းရဲနွမ်းပါးခြင်း အဆင့်၏ 200% နှင့် 400% အကြား ဝင်ငွေရှိသူများ အတွက် ရယူခွင့် ရှိပါသည်။ ကြီးမားလှသော စောင့်ရှောက်မှု ထောက်ပံ့မှုများသည် သာမနထက်လွန်ကဲစွာ ဆေးကုသမှု ကျမှုစရိတ်များ မြင့်မားသည့် ပုဂ္ဂိုလ်တစ်ဦးချင်းစီများအတွက် ရယူခွင့်နှင့် တောင်းခံနိုင်ခြင်း ရှိကောင်း ရှိနိုင်သည်။ အမျိုးသား ဆင်းရဲနွမ်းပါးခြင်း လမ်းညွှန်ချက်များ နှင့် လျှော့စျေး ရာခိုင်နှုန်းများ အပေါ် နောက်ထပ်သော အချက်အလက်များကို Nebraska Medicine (Nebraska ဆေးပညာ)ဂက်ဆိုဒ်တွင် ရရှိနိုင်ပါသည် (***နောက်ထပ်သော အချက်အလက် အတွက်*** *အောက်တွင် ကြည့်ရှုပါ*)။

**အဖိုးအခ တောင်းခံမှုများသည် အထွေထွေ ကျသင့်ငွေတောင်းခံလွှာ ပမာဏများထက် ကျော်လွန်ပါလိမ့်မည် မဟုတ်ပါ။** အကယ်၍ ငွေကြေးဆိုင်ရာ ထောက်ပံ့မှုအား ကျွန်ုပ်တို့၏ ပေါ်လစီအောက်တွင် သင် လက်ခံရရှိခဲ့ပါက ပုဂ္ဂလိက သို့မဟုတ် အစိုးရနှင့် သက်ဆိုင်သည့် အကျုံးဝင်လွှမ်းခြုံမှုရှိ လူနာ များအား ကျွန်ုပ်တို့ တောင်းခံသည်ထက် အရေးပေါ်အခြေအနေ သို့မဟုတ် လိုအပ်သည့် အခြားသော ဆေးကုသမှုဆိုင်ရာ စောင့်ရှောက်မှု အတွက် သင့်အား ပိုပြီး တောင်းခံမည် မဟုတ်ပါ။

**ထောက်ပံ့မှုအတွက် မည်သို့ လျှောက်တင်ပြီး ရယူ မည်နည်း။** မည်သည့် အချိန်ဇယား သို့မဟုတ် ကျသင့်ငွေတောင်းခံမှု လုပ်ငန်းစဉ် ၌မဆို ငွေကြေး ဆိုင်ရာ တောင်းခံလွှာအား ပြည့်စုံအောင်ဖြည့်စွက်ပြီး ထောက်ခံမှုပြုစာရွက်စာတမ်းများနှင့်အတူ တင်ပြလိုက်ခြင်းအားဖြင့် သင် လျှောက်တင် နိုင်ပါသည်။ ငွေကြေးဆိုင်ရာ ထောက်ပံ့မှုသည် သင့်အား ကျသင့်ငွေတောင်းခံသည့် ပထမဆုံး နေ့ရက်မှစပြီး ရက်ပေါင်း 240 ရက် အထိ စဉ်းစားသုံးသပ် မှုပြုမည် ဖြစ်သည်။ အကယ်၍ သင့်တွင် ကြီးမားလှသော သို့မဟုတ် အထူး ဆေးကုသမှုဆိုင်ရာ အခြေအနေများ ရှိသည်ဟု သင် ထင်ပါက သင့် လျှောက်လွှာ အတွက် ကူညီရန် ကျေးဇူးပြုပြီး ငွေကြေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ထံသို့ (402) 559-5346 ဖြင့် ခေါ်ဆိုမှုပြုပါ။

**နောက်ထပ်သော အချက်အလက်။** Nebraska Medicine (Nebraska ဆေးပညာ)အနေဖြင့် မိမိတို့၏ ငွေကြေးဆိုင်ရာ ထောက်ပံ့မှု ပေါ်လစီ နှင့် ငွေကြေးဆိုင်ရာ လျှောက်လွှာ များကို အွန်လိုင်းရှိ www.nebraskamed.com ၌ တင်ထားပါသည်။ လူနာများ/လည်ပတ်သူများ တွင် ရွေးချယ်ပြီး "ငွေကြေးဆိုင်ရာ ထောက်ပံ့မှု (Financial Assistance)" အချက်အလက်များအား ကြည့်ရှုရန် ရှေ့ဆက်လုပ်ဆောင်သွားပါ။

ငွေကြေးဆိုင်ရာ ထောက်ပံ့မှု ပေါ်လစီ၊ ငွေကြေးဆိုင်ရာ ထောက်ပံ့မှု လျှောက်လွှာ နှင့် ရိုးစင်းသော အင်္ဂလိပ်၊ စပိန်၊ ကရင်၊ မြန်မာ၊ ဗီယက်နမ်၊ ဆိုမာလီ၊ မက်ဒရင်း၊ နီပေါ နှင့် နူ(ဆူဒန်) နှင့် ကရင်နီ စသည့်ဘာသာစကားများဖြင့် အကျဉ်းချုပ် ရရှိနိုင်ပါသည်။

ထို့ပြင် ငွေကြေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များတို့သည် မေးခွန်းများတို့နှင့် သင့်အား ကူညီရန် တနင်္လာနေ့မှ သောကြာနေ့၊ နံနက် 7:00 နာရီ မှ ညနေ 4:30 နာရီ အထိ ကူညီမှုများ ရရှိနိုင်ပါသည်။ ငွေကြေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အား ကျေးဇူးပြုပြီး (402) 559-5346 ဖြင့် ခေါ်ဆိုမှုပြုပါ။

အချက်အလက်များကို ရေးသားပြီး သင် တင်ပြ တောင်းဆို လိုပါက အောက်ပါသို့ တင်ပြနိုင်ပါသည် -


Nebraska Medicine(Nebraska ဆေးပညာ)

သက်ဆိုင်သူ - လူနာ ဝင်ရောက်ရန် အခွင့်အလမ်း - ငွေကြေးဆိုင်ရာ အကြံပြုခြင်း (Patient Access – Financial Counseling)

987530 Nebraska Medical Center

Omaha, NE 68198-7530